# ကလေးငယ်များမျက်မှန်တပ်ဘို့အတွက်ထောက်ပံ့ကြေးငွေ။

မိမိကလေးသည်(၁၅)နှစ် သို့မဟုတ်(၁၅)နှစ်အောက်ဖြစ်ရပါမည်။မျက်စေ့မှုံ၍မျက်မှန်တပ်ရန်လိုအပ်ပါကထောက်ပံ့ကြေးငွေရရှိနိုင်ပါသည်။
ကျမ်းမာရေးဌာနကိုယ်စါး **Enable New Zealand** ဌာနမှ ကလေးများမျက်မှန်တပ်ဘို့အတွက်ထောက်ပံ့ကြေးငွေကိုပေးပါသည်။

## ဘယ်သူတွေဒီမျက်မှန်အတွက်ထောက်ပံ့ငွေကိုရနိုင်ပါသလဲ?

အသက်(၁၅)နှစ် သို့မဟုတ် (၁၅)နှစ်အောက်ကလေးသူငယ်များရရှိနိုင်ပါသည်။သို့သော်အောက်ပါလိုအပ်ချက်များရှိရပါမည်။

- မိဘ သို့မဟုတ် အုပ်ထိမ်းသူသည် လက်ရှိတရားဝင်သောလူမျိုးစုဆောင်ရွက်မှုကတ်ပြား **(Community Service Card)** ရှိရပါမည်။

- ကလေးသည်ဆေးအမျိုးစုံသုံးရအတွက် လျှော့ကြေးငွေကတ်ပြားရှိရပါမည်။

ကလေးသည်ကျမ်းမာရေးနှင့်ပတ်သက်သည့်လမ်းညွှန်မှုများနှင့်လည်းကိုက်ညီရပါမည်။ဒီကျမ်းမာရေးနှင့်ပတ်သက်သည့်လမ်းညွှန်မှုများကိုမျက်စေ့ဆရာဝန်နှင့်တွေ့သည့်အခါမိမိကိုပြောပြပါမည်။ မိမိကလေးသည်ဒီလမ်းညွှန်မှုများနှင့်အကျုံးမဝင်ပါကမျက်စေ့ဆရာဝန်သည် **Enable New Zealand** ဌာနကိုပြန်လည်စစ်ဆေးရန်လျှောက်လွှာတင်ပေးပါမည်။

## ဒီမျက်စေ့အတွက်ထောက်ပံ့ငွေကိုအောက်ပါများအတွက်တောင်းခံနိုင်ပါသည်။

- မျက်စေ့စမ်းသပ်ခ။
- မျက်မျန်ဝယ်ရန်။(ကိုင်းနှင့်မှန်အတွက်)
- အလင်းရောင်ကြောင့်၊နာနေသည့်၊ရောဂါရှိသည့်မျက်စေ့ကိုကါကွယ်ရန်အကါ၊ သို့မဟုတ်
- မျက်မှန်ပျက်စီး၊ကျိုးသွားပါကပြန်လည်ပြင်ရန်အတွက်။

## ဘယ်လောက်တောင်းခံနိုင်မလဲ၊ဘါအတွက်တောင်းခံနိုင်မလဲ?

စုစုပေါင်းတနှစ်အတွင်းမိမိကလေး(၁၆)နှစ်ပြည့်အထိဒေါ်လာ ၂၈၇.၅၀ (**GST** အပါအဝင်)တောင်းခံနိုင်ပါသည်။ဒီငွေအထဲမှမျက်မှန်ကိုင်းအတွက်အများစုံးဒေါ်လာ ၁၃၈.၀၀ကိုသုံးနိုင်ပါသည်။ကလေးက၊လူကြီးမျက်မှန်ကိုင်းကိုတပ်ရပါကအပိုငွေဒေါ်လာ ၅၁.၁၁(**GST**အပါအဝင်)ထပ်မံပံ့ပိုးပေးပါမည်။

ကလေးများမျက်စေ့ရောဂါပိုမိုကြီးမား၊ပိုမိုရှုပ်ထွေးလာပါက၊ထောက်ပံ့ကြေးငွေပိုရနိုင်ပါသည်။မျက်စေ့ရောဂါပိုမိုကြီးမားခြင်းဆိုသည်မှာ(၆)လတကြိမ်မျက်စေ့စမ်းသပ်မှုလိုခြင်း၊(၆)လတကြိမ်မျက်မှန်ကိုပြန်လည်ပြုပြင်ရခြင်း၊ သို့မဟုတ် မျက်စေ့နှင့်ပတ်သက်သည့်ရောဂါပိုမိုဆိုးဝါးလာခြင်း၊ ကိုဆိုလိုပါသည်။

ဒီထောက်ပံ့ကြေးသည်ကလေးပဌမဦးဆုံးမျက်စေ့ဆရာဝန်နှင့်တွေ့ပြီး၊ထောက်ပံ့ကြေးငွေရသည့်နေ့မှစပါမည်။

အထူးမှတ်သားရမည့်ကိစ္စသည်။ ဒီထောက်ပံ့ကြေးငွေကိုအကုန်မသုံးပါက။လက်ကျန်ငွေကိုနောက်နှစ်အတွက်စုထားလို့မရပါ။ ကြိုတင်ပြီးတောင်းခံလို့လဲမရပါ။

## မျက်မှန်အတွက်ထောက်ပံ့ငွေကိုဘယ်လိုတောင်းခံလို့ရသလဲ?

**Enable New Zealand** ဌာနနှင့်အကျုံးဝင်သည့်မျက်မှန်ဆိုင်၊မျက်စေ့ဆရာဝန်သည်လိုအပ်သည့်ပုံစံများရှိပါသည်။ထိုပုံစံများကိုဖြည့်စွက်ပြီး၊လက်မှတ်ထိုးရပါမည်။
မိမိကိုယ်စား၊သက်ဆိုင်ရာမျက်စေ့ဆရာဝန်ကလျှောက်လွှာကိုတိုက်ရိုက် **Enable New Zealand** ဌာနသို့တင်ပေးပါမည်။
**Enable New Zealand** ဌာနမှစီစစ်ပြီး၊လက်ခံပါက၊မိမိရဲ့မျက်စေ့ဆရာဝန်ကိုတိုက်ရိုက်ပေးပါမည်။ပိုမိုကုန်ကျစရိတ်ရှိပါကမိမိကိုယ်တိုင်မျက်စေ့ဆရာဝန်ကိုပေးရပါမည်။
အထက်ပါကိစ္စနှင့်ပတ်သက်၍ပိုမိုသိလိုပါကဖုံးနံပါတ် ၀၈၀၀ ၃၆၂ ၂၅၃ ကိုဖုံးဆက်မေးနိုင်ပါသည်။ **e-mail** ပို့လိုပါက **enable@enable.co.nz** ကိုစာဖြင့်ရေးသားမေးမြန်းနိုင်ပါသည်။ဒီ့ထက်မကပိုမိုသိလိုပါကမစွမ်းမသန်ထောက်ပံ့ငွေပံ့ပိုးမှု၊အသိပေးဝက်(ဘ်)ဆိုက်တွင်ကြည့်ပါ။ https://www.health.govt.nz/your-health/services-and-support/disability-services/types-disability-support/hearing-and-vision-services/childrens-spectacle-subsidy